ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)

မူဆယ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန



ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

နောင်မကျေးရွာ၊နောင်ခေါ်ကျေးရွာအုပ်စု၊မူဆယ်မြို့နယ်

ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ မတ် လ ရက်

Scanned with CamScanner

မာတိကာ

စာမျက်နှာ

မာတိကာ (၁-၃)

စကားချီ (၄-၄)

နောင်မကျေးရွာ သယံဇာတပြမြေပုံ၊ရာသီခွင်ပြဇယား၊ ကျေးရွာတွင်း/ပြင်အဖွဲ့အစည်းချိတ်ဆက်ပြပုံ

ဖွံ့ဖြိုးရေးဗျူဟာဇယား

၁။နိဒါန်း-ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု (၅-၇)

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

၂။ကျေးရွာ၏ပထဝီဝင်အနေအထားနှင့်သဘာဝအရင်းအမြစ်များ (၇-၇)

(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

၃။ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ (၇-၈)

(က) လူဦးရေဆိုင်ရာအချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ-ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့်မမျှတမှု

(ဂ) ကျန်းမာရေးနှင့်အာဟာရ

(ဃ) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(င) ကျားမရေးရာကိစ္စဆိုင်ရာ

၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ (၈-၁၀)

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) သဘာဝပတ်ဝန်းကျင်နှင့် သံယံဇာတစီမံခန့်ခွဲမှု

(င) ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(စ) အခြေခံအဆောက်အဦးများအားလက်လှမ်းမီမှု-လမ်း၊တံတား၊ လျှပ်စစ်စွမ်းအား သတင်းနှင့်

ဆက်သွယ်ရေး

၅။ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများအဟန့်အတားများ

နှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ (၁၀-၁၁)

(က) ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ

(ခ) အဟန့်အတားနှင့်စိန်ခေါ်မှု

၆။ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ (၁၁-၁၂)

(က) အကောင်အထည်ဖော်နည်းဗျူဟာ

Scanned with CamScanner

(ခ) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့်ပုံမှန်စိစစ်ခြင်း
(ဂ) စိုက်ပျိုးမြေများထိရောက်စွာအသုံးချနိုင်ရေး
၇။ဦးစားပေးစီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ (၁၃-၁၃)
(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်
(ခ) ဦးစားပေးစီမံချက်များ
၈။ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ် (၁၃-၁၃)
၉။စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း (၁၃-၁၄)
(က) ကြီးကြပ်စစ်ဆေးခြင်း
နောက်ဆက်တွဲ
နောက်ဆက်တွဲ(၁)ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ
ဇယား၁ လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ
ဇယား၂ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ
ဇယား၃ ဓါတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ
ဇယား၄ ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ
ဇယား၅ ဥစ္စာဓနအဆင့်အခြေအနေ
ဇယား၆ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု
ဇယား၇ အဓိကသီးနှံများနှင့်အထွက်နှုန်း
ဇယား၈ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား၉ စိုက်ပျိုးမွေးမြူရေးမဟုတ်သောစီးပွားရေးလုပ်ငန်းများ
ဇယား၁၀ ကုန်စည်နှင့်ဝန်ဆောင်မှု၊စျေးကွက်လက်လှမ်းမီးမှုအခြေအနေ
ဇယား၁၁ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား၁၂ ရေကြောင်းသယ်ယူပို့ဆောင်ရေး
ဇယား၁၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား၁၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား၁၅ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာအခြေအနေ
ဇယား၁၆ ကျောင်းတက်နှုန်း
ဇယား၁၇ စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား၁၈ အဖြစ်များသောရောဂါများ
ဇယား၁၉ လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား၂၀ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား၂၁ သောက်သုံးရေရရှိနိုင်မှု
ဇယား၂၂ အိမ်သာအမျိုးအစား

Scanned with CamScanner

ဇယား ၂၃ ကျေးရွာ၏ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များအခြေအနေ
ဇယား ၂၄ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ
ဇယား ၂၅ ကျား-မရေးရာ

Scanned with CamScanner

စကားချီ

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈-၂၀၁၉ခုနှစ်ကျွဲနွားစရိတ်စာရင်းနှစ်မှ ၂၀၂၃-၂၀၂၄ ခုနှစ်အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့်ကျွန်ုပ်တို့ကျေးရွာ၏ပထမဦးဆုံးသောလူအများပါဝင်ရေးဆွဲထားသည့်ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ကနဦးအဖွဲ့ဖြင့်စီမံချက်ဖြစ်မြောက်ရေးအတွက်လိုအပ်သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်းကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစုနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင်ကူညီပံ့ပိုးပေးသည့်အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ဖြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ဤလုပ်ငန်းစဉ်ကြောင့်ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင်ကိန်းဂဏန်းနှင့်သတင်းအချက်အလက်တို့၏အရေးပါမှုကိုသိရှိရုံသာမကကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့ကိန်းဂဏန်းအချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကိုဖြို့နယ်ဌာနဆိုင်ရာများမှရယူရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှုပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကိုမူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်ဆောင်ရွက်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရများရရှိနိုင်မည်ဟုကျွန်ုပ်တို့မျှော်လင့်ပါသည်။ဆက်လက်၍နောင်တွင်လည်းကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှုအခြေအနေများကိုဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
နောင်မကျေးရွာ
မူဆယ်မြို့နယ်

Scanned with CamScanner

မူဆယ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

နောင်ခေါ်ကျေးရွာအုပ်စု၊နောင်မကျေးရွာ၊ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁။	ဦးအိုက်ထွန်းအေး	ဦးရွက်ခမ်းအိုက်	၁၃/မဟာရ(နိုင်)၀၀၀၄၇၈	၃၀နှစ်	ဥက္ကဋ္ဌ	၀၉-၇၇၁၇၂၉၀၄၆
၂။	ဦးစိုင်းရီ	ဦးကန်ခမ်းဆမ်	၁၃/မဟာရ(နိုင်)၀၀၀၄၆၄	၄၅နှစ်	အတွင်းရေးမှူး	-
၃။	ဒေါ်နန်းထွန်းစိန်	ဦးရွက်ငင်း	၁၃/မဆတ(နိုင်)၀၄၃၈၀၇	၃၇နှစ်	စာရင်းကိုင်	-
၄။	ဦးစိုင်းထွန်း	ဦးပန်းဆွဲရီ	၁၃/မဟာရ(နိုင်)၀၀၁၀၄၀	၃၀နှစ်	ဘဏ္ဍာရေးမှူး	-
၅။	ဒေါ်နန်းစိန်ညွန့်	ဦးညြပွင့်	၁၃/သပန(နိုင်)၁၁၆၃၆၅	၂၃နှစ်	သော့ကိုင်-၁	-
၆။	ဦးထွန်းမြင့်	ဦးရီထွန်း	၁၃/မဟာရ(နိုင်)၀၀၁၁၁၈	၃၅နှစ်	သော့ကိုင်-၂	-
၇။	ဦးစိုင်းအိုက်အောင်ကျန်	ဦးရွှေကျောင်းအိုက်	၁၃/မဟာရ(နိုင်)၀၀၀၈၃၂	၃၅နှစ်	အဖွဲ့ဝင်	-

Scanned with CamScanner

ကျေးရွာမှ အဆိုပြုသော စီမံချက်များအတွက် ဦးစားပေး အမှတ်ပေးဇယား

မူဆယ်မြို့နယ်၊နောင်ခေါ်ကျေးရွာအုပ်စု၊နောင်မကျေးရွာ

စဉ်	စီမံချက်လုပ်ငန်းအမည်	အဖွဲ့ (၁)	အဖွဲ့ (၂)	အဖွဲ့ (၃)	အဖွဲ့ (၄)	အဖွဲ့ (၅)	အဖွဲ့ (၆)	စုစုပေါင်း ရမှတ်	အဆင့်
၁။	ရွာတွင်းလမ်းကျောက်ချောလမ်းခင်းခြင်း	၁၀	၁၀	၁၀	၁၀	၁၀		၅၀	၁
၂။	လျှပ်စစ်မီးသွယ်တန်းခြင်း	၅	၈	၄	၇	၅		၂၉	၃
၃။	ရေပြွန်တံတားတည်ဆောက်ခြင်း	၆	၉	၅	၈	၇		၃၅	၂
၄။	ကျေးရွာခန်းမတိုးချဲ့ဆောက်လုပ်ခြင်း	၉	၄	၅	၆	၃		၂၇	၄

Scanned with CamScanner

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား(နောင်ခေါ်ကျေးရွာအုပ်စု၊နောင်မကျေးရွာ)

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတား နှင့် စိန်ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုချက်နှင့် လုပ်ငန်းများ
၁	ရွာတွင်းလမ်းသည်မြေသား လမ်းဖြစ်ပြီးလမ်းပျက်ခြင်းများ ဖြစ်ပေါ်နေခြင်း	ရွာတွင်းလမ်း မကောင်းခြင်း	ကျေးရွာမှ လမ်းပြု ပြင်ရန် စိတ်အား ထက်သန်ခြင်း၊	ငွေကြေး မတတ်နိုင် ခြင်း	ကျေးလက်ဦးစီးဌာနသို့ ချိတ်ဆက်တင်ပြခြင်း၊	ကျေးရွာတွင်းလမ်းအား ကျောက်ချောလမ်းခင်းခြင်း၊
၂	တရုတ်မီးဖြင့် အသုံးပြု၍ အဆင်ပြေနေသော် လည်း သုံးစွဲနှုန်းခများပြားခြင်း၊	မီးသုံးစွဲနှုန်းခ များပြားခြင်း၊	အဆင်ပြေစွာ သုံးစွဲရခြင်း၊	မဟာဓါတ် အားလိုင်း နှင့်အလှမ်း ဝေးနေခြင်း၊	လျှပ်စစ်ဦးစီးဌာနသို့ တင်ပြ တောင်းခံခြင်း၊	လျှပ်စစ်မဟာဓာတ်အားလိုင်း သွယ်တန်းခြင်း၊
၃	မိုးရာသီတွင် သွားလာရ ခက်ခဲနေခြင်း၊	မိုးများသည့်အခါ ရေဝင်ခြင်း၊လမ်း များ မပျက်စီး တော့ခြင်း၊	ရေသွားရေလာ ကောင်း၍ လမ်း များ မပျက်စီး တော့ခြင်း၊	ကျေးရွာမှ စုပေါင်း အင်အား အားနည်း ခြင်း၊	ကျေးလက်လမ်းဦးစီးဌာနသို့ ချိတ်ဆက်တင်ပြခြင်း၊	ရေပြွန်တံတား တည်ဆောက်ခြင်း၊
၄	သာရေး/နာရေးများကျင်းပရာတွင် နေရာအခက်အခဲဖြစ်ခြင်း၊	နေရာကျဉ်းလွန်း ခြင်း၊	သာရေး/နာရေး များတွင် တက်ကြွစွာ ပါဝင်ကြခြင်း၊	ထောက်ပံ့ ပေးမည့် အလှူရှင် မရှိခြင်း၊	ကျေးရွာမှ ကိုယ်ထူကိုယ်ထ အလှူငွေစုပေါင်း ထည့်ဝင်ခြင်း၊	ကျေးရွာခန်းမတိုးချဲ့ ဆောက်လုပ် ခြင်း၊

Scanned with CamScanner

အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ

မူဆယ်မြို့နယ်၊နောင်ခေါ်ကျေးရွာအုပ်စု၊နောင်မကျေးရွာ

စဉ်	စီမံချက်လုပ်ငန်းအမည်	ဦးစားပေး အဆင့်	၂၀၁၈-၂၀၁၉	၂၀၁၉-၂၀၂၀	၂၀၂၀-၂၀၂၁	၂၀၂၁-၂၀၂၂	၂၀၂၂-၂၀၂၃
၁။	ရွာတွင်းလမ်းကျောက်ချောလမ်းခင်းခြင်း	၁	✓				
၂။	လျှပ်စစ်မီးသွယ်တန်းခြင်း	၃			✓		
၃။	ရေပြွန်တံတားတည်ဆောက်ခြင်း	၂		✓			
၄။	ကျေးရွာခန်းမတိုးချဲ့ဆောက်လုပ်ခြင်း	၄				✓	

Scanned with CamScanner

ရက်စွဲ။၂၀၁၈ခုနှစ် နိုဝင်ဘာလ ရက်

၁။နိဒါန်း

(က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းသည်အစိုးရဌာနများ၊ ပြည်တွင်း / ပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း

ကျွန်ုပ်တို့၏ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို နိုင်ငံတော်၏အကူအညီဖြင့်ရေးဆွဲရာတွင်ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်းသတင်းအချက်အလက်များပြုစုရန်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှလိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန်လိုအပ်သောနည်းပညာများ ရရှိရန်အရေးကြီးသည်ကိုအလေးထားမိလာကြပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏လက်ရှိလူမှုစီးပွားရေးနှင့်ဖွံ့ဖြိုးရေးအခြေအနေများကြုံတွေ့နေရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင်ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန်ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊စီမံချက်များကိုရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ထို့အပြင်ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန်လိုအပ်သောအရာများနှင့်ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့များ၏အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့်၊ အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

Scanned with CamScanner

Scanned with CamScanner

| | | |

Scanned with CamScanner

ပုဂ္ဂလိကအဖွဲ့များအတွက်အသုံးဝင်မှုများအနေဖြင့်ကျေးရွာလူထု၏လိုလားချက်နှင့်ဌင်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ(NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ(CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည်ကျေးရွာလူထု၏အမှန်တကယ်လိုအပ်ချက်များနှင့်ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက်သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည်ဖြစ်ပါသည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့်တက္ကသိုလ်များအနေဖြင့်ကျွန်တော်တို့ကျေးရွာနှင့်ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သောဌင်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူအရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့်ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်) ၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းများကို မြို့နယ်အဆင့်တွင်ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလုပ်လာနိုင်ပါမည်။

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သောငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှရနိုင်မည့်အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့်လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာဖွံ့ဖြိုးမှုဖြစ်စဉ်တွင်လူထုကို အဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင်ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပြီး လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များ အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကို ဦးစားပေးရွေးချယ်

Scanned with CamScanner

ဆောင်ရွက်ပါမည်။ကျွန်ုပ်တို့၏စွမ်းရည်နှင့်လိုအပ်သောအရင်းအနှီးများအဓိကပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

၂။ပထဝီအနေအထားနှင့်သဘာဝသံယောဇဉ်တအရင်းအမြစ်များ

(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် မူဆယ်မြို့နယ်၊ မန်ဟီးရိုးမြို့နယ်ခွဲ၊ နောင်ခေါ်ကျေးရွာအုပ်စုဖြစ်ပြီး မန်ဟီးရိုးမြို့နယ်ခွဲနှင့် (၂)မိုင်ခန့်ကွာဝေး၍ မူဆယ်မြို့နှင့်(၁၁)မိုင်ခန့် ကွာဝေးပါသည်။ ဒေသတွင်စိုက်ပျိုးရေးလုပ်ငန်းများကိုသာ အဓိကလုပ်ကိုင်ကြပြီး ရာသီဥတုမှာမိုးများသဖြင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက်အသင့်အတင့်အထောက်အကူပြုသည်။ကျေးရွာအနီးတွင်တောင်တန်းများရှိပြီးမြေပြင်အနေအထားမှာတောင်တန်းဒေသဖြစ်သည်။လယ်ယာမြေများသည် စပါး၊ ပြောင်းဖူး၊ ကြံထုတ်လုပ်ရန်နှင့် အသက်မွေးဝမ်းကျောင်းဆောင်ရွက်ရန်တို့အတွက်အဓိကအားထားရာဖြစ်သည်။

(ခ)သဘာဝအရင်းအမြစ်

လယ်ယာမြေအသင့်အတင့်မှလယ်ယာများကိုသာအဓိကထားပြီးစိုက်ပျိုးကြပါသည်။ကျေးရွာတွင်သယံဇာတမထွက်ရှိပါ။တောင်သူများတွင်စိမ့်စမ်းရေနှင့်မိုးရေကိုသာအဓိကထားစိုက်ပျိုးကြပါသည်။

၃။ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း(၁၁၀)စု၊ကျား(၂၃၁)၊မ(၂၇၄)ရှိပြီးလူဦးရေစုစုပေါင်း(၅၀၅)ရှိပါသည်။ကျေးရွာတွင် အိမ်ထောင်စုတစ်စုလျှင် ပျမ်းမျှလူဦးရေ(၅)ဦးထက်ရှိပြီး အလုပ်လုပ်ကိုင်သည့် လူငယ်လူရွယ်အများအပြားရှိပါသည်။

(ခ) စီးပွားရေးအခြေအနေဝင်ငွေ၊ပိုင်ဆိုင်မှုနှင့်မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် လျော့နည်းပါသည်။ဆင်းရဲချမ်းသာသတ်မှတ်ရာတွင် အိမ်ထောင်စုအားလုံး၏ (၇၂) အိမ်ထောင်စုမှာ မပြေလည်သူများဖြစ်ပြီး၊ အလယ်အလတ်ရှိ အိမ်ထောင်စုမှာ (၁၈) အိမ်ထောင်စုဖြစ်ပြီး အဆင်ပြေသော အိမ်ထောင်စုမှာ(၉) အိမ်ထောင်စုရှိပြီး၊ အလွန်မပြေလည်သောအိမ်ထောင်စုမှာ(၁၁) အိမ်ထောင်စုရှိပါသည်။

ကျေးရွာတွင်လယ်ယာမြေပိုင်ဆိုင်မှု၊ လက်လှမ်းမှီမှု၊ လယ်ယာသုံးစက်ကိရိယာများ ပိုင်ဆိုင်မှုနှင့် စိမ့်စမ်းရေသွင်းစိုက်ပျိုးနိုင်မှုတို့ကြောင့် ကျေးရွာစီးပွားရေးအနေအထားမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ ချမ်းသာသောလယ်သမားအိမ်ထောင်စုများအပြင် အခြားလယ်သမားအိမ်ထောင်စု အချို့မှာ အရောင်းအဝယ်လုပ်ငန်းများတွင်လည်း ပါဝင်ဆောင်ရွက်ကြသည်။ မပြေလည်သော အိမ်ထောင်စုမှာ ကျေးရွာတွင်အလယ်အလတ်ဖြစ်ပြီး

Scanned with CamScanner

မြေယာအနည်းငယ်ပိုင်ဆိုင်သောလယ်သမားများ၊ လက်လုပ် လက်စားနှင့် မြေယာမဲ့အိမ်ထောင်စုများပါဝင်သည်။

(ဂ) ကျန်းမာရေးနှင့်အာဟာရ

ကျေးရွာတွင်ရွာသာများနှင့် ကလေးငယ်များမှာ ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှုရှိကြသည်။ရာသီအချိန်သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုရှိကြောင်းတွေ့ရှိရသည်။ကျေးရွာသားများအနေဖြင့်အခြေခံကျန်းမာရေးစောင့်ရှောက်မှုများမရှိသော်လည်းရွာ၏အနီးတွင်ကျေးလက်ကျန်းမာရေးဆေးခန်းရှိကြောင်းတွေ့ရှိရပါသည်။

(ဃ) ပညာရေးနှင့်ကျွမ်းကျင်မှုများ

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် မူလတန်းကျောင်းအဆင့်သာရှိပြီး ရွာသားအများစုသည်အခြေခံအရေး၊ အဖတ်အတွက်တတ်မြောက်မှု အသင့်အတင့်သာရှိပါသည်။ ဘွဲ့ရပညာတတ်အရေအတွက်အလွန်နည်းပါးပြီး ကျေးရွာတွင်အခြေခံပညာရေးကိုရွာထဲရှိ မူလတန်းကျောင်းတွင်တက်ရောက်သင်ကြားနိုင်ကြသည်။

(င) ကျား-မရေးရာကိစ္စဆိုင်ရာ

ကျေးရွာတွင် ကျား-မရေးရာကိစ္စဆိုင်ရာ အနေအထားမှာလွတ်လပ်မှုရှိပြီး ကျား-မရေးရာတာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရကောင်းစွာသတ်မှတ်ထားကြသည်။ ကျေးရွာတွင်ကျားနှင့်မအကြားပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုခွဲခြားဆက်ဆံခြင်းကိစ္စများမတွေ့ရပါ။

အမျိုးသမီးများသည် အမျိုးသားများထက်လုပ်အားလျော့နည်းပြီး အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် အမျိုးသမီးများတက်ကြွစွာပါဝင်လုပ်ရှားမှုရှိကြောင်းတွေ့ရှိရပါသည်။ ကျား-မတန်းတူညီမျှမှုနှင့်ပါတ်သက်၍အသိပညာပေးခြင်း၊ မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က)ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင်အမျိုးသမီးအဖွဲ့(၁)၊ ရပ်မိရပ်ဖအဖွဲ့(၁)၊မြစိမ်းရောင်အဖွဲ့(၁)၊ လူငယ်အဖွဲ့(၁)နှင့် အရန်မီးသတ်အဖွဲ့(၁)တို့ရှိပါသည်။အဖွဲ့အစည်းအားလုံးသည် ကျေးရွာတွင် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ကျေးရွာရှိအဆိုပါ အဖွဲ့အစည်းများအား စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ရရှိနိုင်ပါကဖွံ့ဖြိုးရေး ဆိုင်ရာစီမံအုပ်ချုပ်မှုပိုမိုတိုးတက် ကောင်းမွန်လာနိုင် ပါမည်။

(ခ)သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ

Scanned with CamScanner

ကျေးရွာတွင်စပါးတို့ကိုသာအဓိကစိုက်ပျိုးပြီး ကြံ၊ ပြောင်းတို့ကိုလည်း စိုက်ပျိုးကြပါသည်။ စပါးစိုက်ပျိုးမြေ(၁၄၂.၈)ကေရှိပါသည်။မြေပဲ၊ပြောင်းနှင့် ကြံစိုက်ပျိုးမြေမှာအနည်းငယ်ရှိပါသည်။ စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုရရှိကြပြီး စိုက်ပျိုးရေးပစ္စည်းကုမ္ပဏီများမှလည်း တောင်သူများအတွက် မျိုးစေ့များ ရောင်းချပေးလျက်ရှိပြီး စိုက်ပျိုးချိန်တွင် အလုပ်သမားမလုံလောက်မှုပြဿနာကို ရင်ဆိုင်နေရပါသည်။လုပ်အားခပိုမိုပေးမှ အလုပ်သမားများကို ငှားရမ်းရရှိနိုင်ပြီး ကုန်ကျစရိတ်မြင့်မားခြင်း၊တခါတရံတွင် မိုးများစွာရွာသွန်းမှုကြောင့် ပျက်စီးဆုံးရှုံးမှုများ ရင်ဆိုင်ရတတ်ပါသည်။ ပြောင်းဖူးစိုက်ခင်းများတွင်ဖျက်ပိုးများ ကျရောက်မှုကို ပိုမိုတွေ့ရတက်ပြီး ယင်းဖျက်ပိုးများတိုက်ဖျက်ရန် ထိရောက်သောဖျက်ပိုးနှိမ်နင်းရေး စနစ်ကိုလိုလားကြပါသည်။ ကျေးရွာတွင်မွေးမြူရေးလုပ်ငန်း ဖြင့် သက်မွေးကြောင်းလုပ်ငန်းများကို လုပ်ကိုင်ခြင်းမရှိပါ။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားအလုပ်များကိုသာ လုပ်ကိုင်ကြပါသည်။ လက်လုပ်လက်စားအလုပ်များမှာ စိုက်ပျိုးရာသီများတွင်သာ အလုပ်အကိုင်များပြီးကျန်အချိန်များတွင်အလုပ်အကိုင်နှင့် ဝင်ငွေမမှန်ခြင်းကြောင့် တွက်ခြေကိုက်မှုနည်းပါးပါသည်။ကျေးရွာတွင်အလုပ်လုပ်နိုင်သော ဦးရေများပြားပြီး ထိုအခြေအနေမှာ ကျေးရွာ၏အလားအလာကောင်းတစ်ရပ်ဖြစ်သည်။

(ဃ) သဘာဝပတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာအတွင်းရှိ စပါးစိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့်ဓါတု မြေဩဇာသုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေးကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေးစနစ်အစား ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်းပလတ်စတစ်အိတ်ခွံ၊ပုလင်းခွံ၊ဗူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။ကုန်းတွင်းဒေသဖြစ်ခြင်းကြောင့်သည် မုန်တိုင်းဘေးအန္တရာယ်တို့နည်းပါးသည်။အားပျော့ သောမုန်တိုင်းဝင်ရောက်မှုသာတခါတရံကြုံတွေ့ရတတ်သည်။

(င) ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင်မူလတန်းကျောင်းဖြစ်ပြီးအုတ်ညှပ်သွပ်မိုးအဆောက်အဦးဖြစ်ပါသည်။ ရွာသားအချို့မှာရေးတတ်ဖတ်တတ်ကြပြီး လူဦးရေအားလုံး၏၃ပုံ၁ပုံမှာ မူလတန်းကျောင်းထိသာ တက်ရောက်ထားပါသည်။ မူလတန်းအောင်သူရာခိုင်နှုန်းမြင့်မားသည်။ကျောင်းတွင်ပရိဘောဂတို့ မလုံလောက်မှုများရှိပြီး မူလတန်းပြဆရာမ (၂) ဦးရှိသည်။ကျောင်းတွင်မူလတန်းကျောင်းသူ/သား (၈) ယောက်ရှိပြီး အလယ်တန်းကျောင်းသူ(၁)ဦးမှာ မန်ဟီးရိုးမြို့နယ်ခွဲသို့သွားရောက် ကျောင်းတက်ရပါသည်။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းမရှိပါ။ မန်ဟီးရိုးတိုက်နယ်ဆေးရုံသို့သွားရောက်ကုသရပါသည်။

Scanned with CamScanner

သောက်သုံးရေအတွက်စိမ့်စမ်းရေသွယ်ပြုလုပ်ထားသောကြောင့်ရေလုံလောက်မှုရှိသည်။ချမ်းသာသော အိမ်ထောင်စုများက အိမ်သာကျင်းကိုအုတ်ဖြင့် ဆောက်လုပ်ထားကြပြီး ဆင်းရဲသော အိမ်ထောင်စုများကဝါးထရံဖြင့် ဆောက်လုပ်သုံးစွဲကြသည်။ တစ်ရွာလုံးယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲကြသဖြင့် ရေကြောင့်ဆက်စပ်ဖြစ်ပွားတတ်သော ရောဂါဖြစ်ပွားမှုများနည်းပါးသည်။

(စ) အခြေခံအဆောက်အဦ-လမ်းတံတား၊လျှပ်စစ်စွမ်းအားသတင်းနှင့်ဆက်သွယ်ရေး

ကျေးရွာရှိရွာတွင်းလမ်းမှာ မြေသားလမ်းများဖြစ်ပြီး သွားလာရာတွင် အသင့်အတင့်ရှိပါသည်။ လမ်းပန်းဆက်သွယ်သွားလာမှုတွင်မော်တော်ဆိုင်ကယ်နှင့် ထော်လာဂျီများကိုသာအများဆုံးအသုံးပြုကြသည်။ ရေလမ်းခရီးအသုံးပြုမှုမရှိပဲ လမ်းပန်းဆက်သွယ်ရေးအတွက် မော်တော်ဆိုင်ကယ်(၁၉၄)စီးနှင့် သုံးဘီးဆိုင်ကယ်(၁၈)စီး၊ ထော်လာဂျီ(၃၉)စီး နှင့်ကား(၁၃)စီးနှင့် စက်ဘီး(၄၀) တို့ကိုအသုံးပြုလျက်ရှိကြသည်။

၅။ဖွံ့ဖြိုးရေးအတွက်အထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းများ၊အဟန့်အတားနှင့်စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေးအတွက်အထောက်အပံ့ဖြစ်စေမည့်အခြေအနေများ

ကျေးရွာတွင်တရုတ်မီးကိုသာ ဈေးကြီးပေးသုံးစွဲရပြီး ခြိုးခြံချွေတာ သုံးစွဲရပါသည်။ ထင်း၊ မီးသွေး အသုံးပြုရသောကြောင့်သစ်တောပြုန်းတီးမှုမြင့်မားပါသည်။ ကျောင်းသူ/ သားများအတွက် စာဖတ်ချိန်လေ့လာချိန်တွင်မီးလုံလောက်မှုမရှိပါ။

လူငယ်ပညာတတ်နည်းပါးပြီး လူဦးရေအားလုံး၏ပျှမ်းမျှ(၃၉၆)ဦးမှာ အလုပ်လုပ်နိုင်သည့်အရွယ်များဖြစ်ကြသည်။ကျေးရွာလူထု၏ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများကိုလည်း အလွယ်တကူလက်လှမ်းမီနိုင်ကြသည်။ ကျေးရွာသားများအနေဖြင့် စိုးရိမ်ရသောဆေးကုသမှုများခံယူရန်အတွက်လည်း မန်ဟီးရိုးတိုက်နယ်ဆေးရုံသို့ သွားရောက်ကြသည်။ကျေးရွာတွင်စာသင်ကျောင်းနှင့်ပံ့ပိုးပစ္စည်းများမှာ လိုအပ်ချက်ရှိပါသည်။

သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည်မြေပြန့်ဖြစ်ပြီးမြေဆီဩဇာ အတော်အသင့်ကောင်းမွန်သည်။ တောင်သူများသည်လယ်ယာထွက်ကုန်များကို အလွယ်တကူသယ်ယူ ပို့ဆောင်ပေးနိုင်သည်။မိုးရွာသွန်းမှုမှာကြံနှင့်ပြောင်းဖူးသီးနှံများစိုက်ပျိုးရေးအတွက် အထောက်အပံ့ဖြစ် စေသည်။လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သဖြင့်ကျေးရွာထွက် ကုန်များကိုအချိန်မီတင်ပို့ ရောင်းချနိုင်သည်။

ကျေးရွာတွင်ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကိုချောမွေ့စေသည်။မိဘိုင်းဆက်သွယ်ရေးကိုဈေးကွက်နှင့်အခြား လူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက်လက်လှမ်းမီအသုံးပြုနိုင်ကြသည်။အင်တာနက်အသုံးပြုနိုင်မှုမှာအသင့်အတင့်မျှသာကောင်းမွန်ပြီး သတင်းအချက်အလက်များအတွက်ချိတ်ဆက်အသုံးပြုနိုင်သည်။

(ခ) အဟန့်အတားနှင့်စိန်ခေါ်မှု

Scanned with CamScanner

ကျေးရွာရှိလယ်ယာမြေများမှာ မြေဆီလွှာအသင့်အတင့်ကောင်းမွန်သည်မှအပ အခြားသယံဇာတများမထွက်ရှိပါ။ လယ်ယာမြေကိုထပ်မံတိုးချဲ့ရန်မှာ မဖြစ်နိုင်သဖြင့်လယ်သမားများအတွက် အထွက်နှုန်း တိုးမြင့်အောင် အားစိုက်ဆောင်ရွက်ရမည်။

ပိုးသတ်ဆေးအချို့ကိုခံနိုင်သော ဖျက်ပိုးများသည် ပြောင်းဖူးစိုက်ခင်းများတွင် ကျရောက်တတ်သည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာပိုင်းဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်ဆောင်ရွက်မှု နည်းပါးသည်။တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေး ကျင့်သုံးနိုင်ရေး အထောက်အပံ့များရရှိရန်လိုအပ်သည်။

ကျေးရွာတွင်အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်းမရှိသဖြင့်အလုပ်အကိုင်နှင့် ဝင်ငွေပံ့မှန်ရရှိရေးအတွက်အကန့်အသတ်ရှိနေပါသည်။ ဒေသတွင်လည်း အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်းအဖြစ် ဆောင်ရွက်နိုင်မှုအား အသိပညာနည်းပါးခြင်းနှင့် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအားနည်းပါသည်။

ဖ။ပန်းတိုင်နှင့်မဟာဗျူဟာဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်တိုင်ပင်ညှိနှိုင်းပြီးငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကိုအောက်ပါအတိုင်းချမှတ်ထားပါသည်။

က-၁)

ကျွန်ုပ်တို့ကျေးရွာလူထုသည်ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊ အလုပ်အကိုင်များဖန်တီးခြင်း၊ သက်မွေးပညာသင်တန်းများ ရရှိခြင်းမှတစ်ဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့်စီးပွားရေးအနေအထားကို တိုးတက်ရရှိစေမည်။

က-၂)

ကျွန်ုပ်တို့ရွာလူထုသည် စာတတ်မြောက်မှုနှင့်ပိုမိုကောင်းမွန်သော ပညာရေးမှတစ်ဆင့် ကလေးငယ်များ၏လူသားဆိုင်ရာစွမ်းဆောင်ရည်နယ်ပယ်ကိုကျယ်ဝန်းလာစေရမည်။

က-၃)

ကျွန်ုပ်တို့ရွာလူထုသည် အသက်မွေးဝမ်းကျောင်းနှင့်စီးပွားရေးအုပ်စုများဖွဲ့စည်းပြီး ကျေးရွာအခြေပြုအဖွဲ့အစည်းများ၏စွမ်းဆောင်ရည်မြင့်မားလာမှုမှတစ်ဆင့်ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုယန္တရားကို တိုးတက်လာစေရမည်။

(က) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည်အထက်တွင် ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကိုရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကိုဆောင်ရွက်သွားကြမည်။

ကျွန်ုပ်တို့ကျေးရွာတွင် အရင်းအနှီးငွေများရရှိပါက စိုက်ပျိုးရေးအတွက် ခွဲဝေချထား အသုံးပြုပေးမည်။ အလားတူပင်ကျေးရွာတွင် စိုက်ပျိုးရေး၊ နည်းပညာများထွန်းကားလာရေးအတွက် စိုက်ပျိုးရေးနည်းပညာသင်တန်းများ တက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာနည်းပညာဌာနများနှင့်ချိတ်ဆက်ဆောင်ရွက်သွားမည်။သင်တန်းတက်ထားသူများက တဖန်ကျေးရွာတွင်ရရှိထားသော

Scanned with CamScanner

နည်းပညာများကိုမျှဝေပေးပြီး မိမိကိုယ်တိုင်ကလည်း ကိုယ်ပိုင်လုပ်ငန်းများတွင် အသုံးချကာ ထုတ်လုပ်မှုလုပ်ငန်းအားတိုးတက်စေမည်။

ကျွန်ုပ်တို့သည် အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ ယိုနှင့်မုန့်လုပ်နည်း၊ ဆံပင်ညှပ်၊ စက်ပြင်မော်တော်ဆိုင်ကယ်ပြင်နှင့် မိုဘိုင်းဖုန်းပြင်စသောသင်တန်းများတက်ရောက်နိုင်ရန် သင့်တော်သော သင်တန်းသားများကို တက်ရောက်နိုင်ရန်စီစဉ်ပေးမည်။ထိုသင်တန်းများသည် သင်တန်းသားများအတွက် ကျွမ်းကျင်မှုများကိုတိုးပွားရရှိစေပြီးဝင်ငွေရလုပ်ငန်းများထူထောင်တိုးချဲ့နိုင်ရန်အရင်းအနှီးလုပ်ငန်းအစီအစဉ်နှင့်ချိတ်ဆက်ပေးမည်။

ကျေးရွာတွင်စာသင်ကျောင်း၏ ခြံစည်းရိုးကာရန်ပြီး မူကြိုကျောင်းတစ်ဆောင် ဆောက်လုပ်ခြင်းဖြင့်ကလေးငယ်များ၏ အရည်အချင်းတိုးမြင့်လာရေးအတွက်ဆောင်ရွက်မည်။ ပညာရေးဌာနနှင့်ချိတ်ဆက်ပြီး မူလတန်းကျောင်းတွင် ဘာသာရပ်အလိုက်ကျွမ်းကျင်မှု ပြည့်ဝသော ဆရာ/မခန့်ထားရရှိနိုင်ရေးတို့အတွက်ဆောင်ရွက်သွားမည်။

ကျေးရွာတွင်ကျေးရွာလမ်းနှင့် ကျေးရွာစျေးဆောက်လုပ်ကာကျေးရွာ၏ အခြေခံအဆောက်အဦးများ တိုးတက်ကောင်းမွန်ရေးအတွက်ဆောင်ရွက်သွားမည်။ ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင်ဆောင်ရွက်ရန်တိုက်တွန်းအားပေးဆောင်ရွက်မည်။

(ခ) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့်ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂတ်တွင်လည်းရေရှည်တည်တံ့မည့်အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ကျေးရွာသားများကိုယ်တိုင်အား ထုတ်လုပ်ကိုင်ရရှိခဲ့မှုများကိုပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်းသတ်မှတ်ကာလအတိုင်းပုံမှန်စိစစ်သွားနိုင်ပါသည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏပါဝင်သည့် နှစ်ပတ်လည် ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

(ဂ) စိုက်ပျိုးမြေများထိရောက်စွာအသုံးချနိုင်ရေး

ကျေးရွာတွင် ပြောင်းဖူးအပြင်ကြံကို သီးထပ်အဖြစ်စိုက်ပျိုးကြသည်။ တောင်သူများအတွက် သီးနှံဖျက်ပိုးကျရောက်ခြင်းသည်အဓိကပြဿနာတစ်ရပ်ဖြစ်ပြီး ဖျက်ပိုးထိရောက်စွာ နှိမ်နှင်းရေးအတွက် နည်းစနစ်ရရှိရေးလိုအပ်သည်။ ဖျက်ပိုးနှိမ်နှင်းရေးအတွက် သက်ဆိုင်ရာဦးစီးဌာနမှ ဝန်ဆောင်မှုများကို ရရှိနိုင်အောင် ချိတ်ဆက်ဆောင်ရွက်သွားကြရမည်။

၇။စီမံကိန်း၊စီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ

စီမံကိန်း၊စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကိုလုပ်ငန်း ဆောင်ရွက်မှုများအဖြစ် ဆောင်ရွက်ရန်ဖော်ထုတ်ထားသည့် အချက်အလက်များဖြစ်သည်။ ထို့ကြောင့်စီမံချက်များသည် ငါးနှစ်တာစီမံချက်ကာလ အတွင်းချမှတ်ထားသောပန်းတိုင်များကို ရောက်ရှိရန်ပါဝင်သည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

Scanned with CamScanner

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း

ကျေးရွာလူထုမှ ငါးနှစ်တာစီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလ ဖော်ထုတ် ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် အလုံးစုံပြည့်စုံနိုင်မှုမရှိနိုင်ပါ။ ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် နောက်ထပ်လိုအပ်လာမည့် လုပ်ငန်းစီမံချက်များ ပေါ်ပေါက်လာပါက နှစ်ပတ်လည်အစည်းအဝေးကျင်းပချိန်တွင် ပြုပြင်ပြောင်းလဲ၍ အရေးပါဆုံးသော လုပ်ငန်းအား ဦးစွာ ဆောင်ရွက်သွားကြမည်။

(ခ) ဦးစားပေးစီမံချက်များ

ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေး အဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်း အဝေးတွင်စီမံချက်များဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်း အဝေးတွင် သဘောတူသတ်မှတ်ထားသောဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၈။ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

လုပ်ငန်းဆောင်ရွက်ရန် အမှန်တကယ်ကုန်ကျစရိတ်ငွေ စုစုပေါင်းကိုတွက်ချက်ပြီး ထောက်ပံ့ငွေများအပြင် ကျေးရွာလူထုမှထည့်ဝင် ဆောင်ရွက်သွားမည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ကိုရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့်ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများ ထံမှ ဘတ်ဂျက်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများလိုအပ်ပါသည်။ ကျေးရွာလူထု၏ ငွေသားမဟုတ်သောထည့်ဝင်မှုများကိုထည့်သွင်းဖော်ပြထားခြင်းမရှိပါ။

၉။စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ လူထုဗဟိုပြု၍ အားလုံး ပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင်အထည်ဖော်သော နည်းလမ်း ကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ် စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ အိမ်ထောင်စုများမှ တက်ကြွစွာအတူ ပူးပေါင်းဆောင်ရွက်ပါမည်။

(က)ကြီးကြပ်စစ်ဆေးခြင်း

ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း၏ လုပ်ငန်းပိုင်ဆိုင်ရာတိုးတက်မှုနှင့် ငွေကြေးဆိုင်ရာတိုးတက်မှုတို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။စစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့်ဆောင်ရွက်ပါမည်။ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်း လုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီ အသီးသီးတို့က မိမိတို့တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

Scanned with CamScanner

ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်			
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၄	၂	၆
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၁၀	၁၃	၂၃
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၁၉	၂၀	၃၉
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၁၇၄	၂၂၂	၃၉၆
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၂၄	၁၇	၄၁
စုစုပေါင်း		၂၃၁	၂၇၄	၅၀၅
စုစုပေါင်း အိမ်ထောင်စု		၁၁၀		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကလေးများနည်းပါးပြီး လူလတ်ပိုင်းနှင့် သက်ကြီး ရွယ်အို များ များပြားကြောင်း လေ့လာတွေ့ရှိရပါသည်။.....
.....

(၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

(၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ

ဇယား (၂) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်)
လယ်မြေ	၁၇၀.၈၀	ကောင်း	ရ	မြေအောက်ရေ
ယာမြေ				
ဥယျာဉ်ခြံမြေ				
အိမ်ခြံဝင်း စိုက်ခင်း				
ကိုင်း/ကျွန်းမြေ				
စားကျက်မြေ				
ပလပ်မြေ				
သစ်တောမြေ				

Scanned with CamScanner

Scanned with CamScanner

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊ဗိုလ်စမ်း စသည်)
စုစုပေါင်း	၁၇၀.၈ ဧက			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

မှတ်ချက်။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား-ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ ကျေးရွာတွင် မြေဆီဩဇာနှင့် ရေရရှိမှု ကောင်းမွန်သောကြောင့် စိုက်ပျိုးရေးအတွက်များစွာ အထောက်အကူပြုကြောင်း လေ့လာတွေ့ရှိရပါသည်။ .....

.....

(၂.၂) ခါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ခါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ)
ကာဗွန် (ခါတ်ငွေ့/ရေနံ)	-	-
ခါတ်သတ္တု(ကျောက်မျက်၊သတ္တုကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့်		
အခြားသဘာဝအရင်းအမြစ်		
တိရစ္ဆာန်မျိုးစိတ်များ	-	-
အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော)		
ပျမ်းမျှအပူချိန် –	ပျမ်းမျှ မိုးရေချိန် –	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ ကျေးရွာတွင်း ခါတ်သတ္တုနှင့် အခြား သဘာဝအရင်းအမြစ်များ မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။.....

.....

(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စိမ်ခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်း လင်းဖော်ပြချက်
၁	အမျိုးသမီးအ ဖွဲ့	၁☐ ၂☑ ၃☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☑ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	လူနေမှုနှင့် ကျန်းမာရေးဆိုင်ရာများ ဦးစားပေးဆောင်ရွက်ကြပါသည်
၂	ရပ်မိရပ်ဖ	၁☐ ၂☐ ၃☑	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကျေးရွာစည်ပင်သာယာရေးနှင့် လုံခြုံရေး ဖွံ့ဖြိုးတိုးတက်ရေးကို လုပ်ဆောင်ကြသည်
၃	အရွန်မီးသတ် အဖွဲ့	၁☐ ၂☐ ၃☑	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ဘာသာရေး၊ လူမှုရေး၊ယဉ်ကျေးမှု ဆိုင်ရာများကို ဆောင်ရွက်ကြပါသည်
၄	လူငယ်အဖွဲ့	၁☐ ၂☑ ၃☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကျေးရွာ၏ လိုအပ်ချက်များအား ဆောင်ရွက်ကြပါသည်
		၁☐ ၂☐ ၃☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ ကျေးရွာတွင်း အဖွဲ့အစည်းများ နည်းသော်လည်း စည်းစည်းလုံးလုံး တညီတညွတ်တည်းဆောင်ရွက်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။.....

.....

(၄) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(၄.၁) ဥစ္စာဓနအဆင့် အခြေအနေ

Scanned with CamScanner

ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင့်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အလယ်အလတ်	နည်း	-
အိမ်အခြေအနေ	နှစ်ထပ်(အုတ်)	တစ်ထပ်(သွပ်)	သွပ်မိုး/သွပ်ကာ	ဝါးထရံအိမ်
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	ကား/ထော်လာကျီ	ဆိုင်ကယ်	ဆိုင်ကယ်	-
အဓိကစီးပွားရေး လုပ်ငန်း	လယ်လုပ်ငန်း	လယ် အလတ်ရှိ	လယ် နည်းရှိ	အဋ္ဌား
အိမ်ထောင်စု	၉	၁၈	၇၂	၁၁

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက် (အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ မြေယာပိုင်ဆိုင်မှုမှာ အသင့်အတင့်ရှိကြပြီး အလွန်မပြေလည်သော အိမ်ထောင်စုအနည်းငယ်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။.....

.....

(၄.၂) သီးနှံထုတ်လုပ်ရေး

(၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၆) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၁၁	၁၀%	မြေမဲ့ယာမဲ့
၂	၂.၅ကအောက်(၁ ဟတ် တာထိ)	၈၄	၇၆.၄%	ဆင်းရဲသားတောင်သူ
၃	၂.၅ကမှ ၅ ကထိ (၂ ဟတ်တာထိ)	၁၅	၁၃.၆%	တောင်သူငယ်
၄	၅ကမှ၁၂.၅ကကြား (၅ဟတ်တာထိ)			အလယ်အလတ်စားတောင်သူ
၅	၁၂.၅ကအထက် (၅ဟတ်တာနှင့် အထက်)			တောင်သူကြီး
	ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း	၁၁၀	၁၀၀%	

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစိမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား) ။ ။သီးနှံထုတ်လုပ်ရာတွင် စိုက်ပျိုးရေးကိုသာအခြေခံလုပ်ကိုင်ကြပြီး မြေယာမဲ့အိမ်ထောင်စုအနည်းငယ်သာရှိကြောင်း လေ့လာတွေ့ရှိခဲ့ပါသည်။

.....

(၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

Scanned with CamScanner

သီးနှံ	စုစု ပေါင်း စိုက် ဧက	တစ်ဧက အထွက်နှုန်း				အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက်
		ယူနစ်	အနည်း ဆုံး	အများ ဆုံး	ပျမ်းမျှ	
စပါး	၁၄၂.၈	တင်း	၄၀	၆၀		အသင့်အတင့်ရရှိပါသည်

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် မိုးရေဖြင့်စိုက်ပျိုး ရေလုံလောက်မှုရရှိပြီး မြေဩဇာကောင်းမွန်သောကြောင့် ပိုးမွှားများကျရောက်မှု နည်းပါးပြီး ဆန်စပါးအထွက်နှုန်းမှာလည်း အသင့်အတင့်ကောင်းမွန်ပြီး အကျိုးအမြတ်ရရှိမှုမှာလည်း အသင့်တင့်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။.....

.....

(၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား		
နို့စားနွား		
ကျွဲ		
မြင်း		
မြည်း		
လား		
ဆိတ်		
သိုး		
ဝက်		
ကြက်		
ဘဲ		

Scanned with CamScanner

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
နွားနောက်		
ငါးလုပ်ငန်း		
ငါးကန်		
ပုဇွန်ကန်		
ဂဏန်း မွေးမြူရေးလုပ်ငန်း		
ရေချို ငါးဖမ်းလုပ်ငန်း		
ကမ်းလွန် ငါးဖမ်းလုပ်ငန်း		

ရှင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ကြခြင်း မရှိကြောင်း လေ့လာတွေ့ရှိရ ပါသည်။.....

.....

(၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

စဉ်	လုပ်ငန်းများ (ထုတ်ကုန်လုပ် ငန်း နှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေအ တွက်	ဝန်ထမ်း / အလုပ်သ မား အရေ အတွက်	မိသားစု ဝင် လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
၁	သတ္တုတူးဖော်ရေး၊ ကျောက် ထုတ်လုပ်ရေး နှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ် ခြင်း				
၂	ထုတ်ကုန်လုပ်ငန်း				
၃	လျှပ်စစ်၊ဓာတ်ငွေ့နှင့် ရေပေးဝေရေး				
၄	ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံ လုပ်ငန်း				
၅	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး				
၆	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊အပ်ချုပ်၊အင်ဂျင်နီယာ၊ သင်တန်းပေးသူ)				
၇	လက်လီ-လက်ကား ရောင်းဝယ် ရေး				
၈	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း				
၉	ပို့ဆောင်ရေး၊ သိုလှောင်ရေး				
၁၀	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန် ဆောင်မှု				

Scanned with CamScanner

	လုပ်ငန်း)				
၁၁	အိမ်ခြံမြေ ရောင်းဝယ် ငှား ရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ				
၁၂	ပညာရေး				
၁၃	ကျန်းမာရေး				
၁၄	လူမှုရေး လုပ်ငန်းများ				
၁၅	အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ)				
	စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအတွင်း စိုက်ပျိုးမွေးမြူရေး မဟုတ်သော စီးပွားရေးလုပ်ငန်းများအား အသက်မွေးဝမ်းကျောင်းမပြုကြပဲ ကိုယ်တူကိုယ်တဖြင့်သာ လုပ်ကိုင်ကြကြောင်း တွေ့ရှိ ရပါသည်။.....

.....

(၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(၅.၁) ဈေး

ဇယား (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဈေးကွက်လက်လှမ်းမီမှု	အနီးဆုံးဈေး (အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်)	အကြီးစားဈေးကွက် (အဓိကတစ်ခုကိုသာဖော်ပြပါရန်)
ဈေးအမည် (မြို့/ ရွာ)	တာပေဈေး	မူဆယ်
ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်)	၀ မှ ၁ မိုင် ☑ ၁ မှ ၅ မိုင် ☐ ၅ မှ ၁၀ မိုင်☐ ၁၀မှ ၁၅မိုင် ☐ ၁၅ မိုင် အထက် ☐	၀ မှ ၁၀ မိုင် ☑ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၃၀ မိုင် ☐ ၃၀မှ ၅၀ မိုင် ☐ ၅၁ မှ ၁၀၀ ☐ ၁၀၀မိုင်အထက် ☐
သယ်ယူပို့ဆောင်ရေး နည်းလမ်း	ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ်☑ ကား/ထော်လာကျီ ☐ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐	ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ☑ ကား/ထော်လာကျီ ☑ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အနီးဆုံးဈေးအား တရုတ်နယ်မြေရှိ(တာပေ)ဈေးသို့သာ သွားရောက်၍ဝယ်ယူကြကြောင်း လေ့လာတွေ့ရှိရပါသည်။.....

.....

(၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

Scanned with CamScanner

လမ်း အမျိုးအစား	အမျိုး အစား	အရည်အ သွေး	ရာသီအလိုက် သုံးစွဲနိုင်မှု	လမ်းအရှည် (မိုင်)
ရွာတွင်းလမ်း	၁☑ ၂☐ ၃☐ ၄☐ ၅☐	ကောင်း☐ သင့် ☑ ညံ့ ☐	မိုးလေး ရာသီ ☐ တစ်နှစ်ပတ်လုံး☑	၀-၁ မိုင် ☑ ၁-၅ မိုင် ☐ ၅-၁၀ မိုင် ☐ ၁၀မိုင်အထက်☐
ချဉ်းကပ်လမ်း	၁☐ ၂☑ ၃☐ ၄☐ ၅☐	ကောင်း☐ သင့် ☑ ညံ့ ☐	မိုးလေး ရာသီ ☐ တစ်နှစ်ပတ်လုံး☑	၀-၁ မိုင် ☑ ၁-၅ မိုင် ☐ ၅-၁၀ မိုင် ☐ ၁၀မိုင်အထက်☐
ရွာချင်းဆက်လမ်း	၁☐ ၂☑ ၃☐ ၄☐ ၅☐	ကောင်း☐ သင့် ☑ ညံ့ ☐	မိုးလေး ရာသီ ☐ တစ်နှစ်ပတ်လုံး☑	၀-၁ မိုင် ☑ ၁-၅ မိုင် ☐ ၅-၁၀ မိုင် ☐ ၁၀မိုင်အထက်☐

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။မြေသားလမ်း - ၁၊ ကျောက်ခင်းလမ်း - ၂၊ ကျောက်ချောလမ်း - ၃၊ကွန်ကရစ်လမ်း - ၄၊ကတ္တရာလမ်း - ၅

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်ပြီး မိုးရာသီတွင် သွားရေးလာရေးခက်ခဲမှုရှိပြီး ရွာပတ်လမ်းနှင့်ရွာချင်းဆက်လမ်းဝင်မှာလည်း ကျောက်ခင်းလမ်းဖြစ်ပြီး မိုးများ လျှင်လမ်းများပျက်စီး၍ သွားလာရ မရနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

.....

(၅. ၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၁၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ အသုံးမပြုပါ အကွက်တွင် ✓ ခြစ်ပါ)။

သယ်ယူပို့ဆောင်ရေး	Nearest town အကွာအဝေး (မိုင်)	ရာသီအလိုက် သုံးစွဲနိုင်မှု
မြစ်ကြောင်း	၀ မှ ၁၀ မိုင် ☑ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၅၀ မိုင် ☐ ၅၀မိုင် အထက် ☐ အသုံးမပြုပါ ☐	ပွင့်လင်းရာသီ ☐ တစ်နှစ်ပတ်လုံး ☑
ပင်လယ်ရေကြောင်း	၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၅၀ မိုင် ☐ ၅၀မိုင် အထက် ☐ အသုံးမပြုပါ ☑	ပွင့်လင်းရာသီ ☐ တစ်နှစ်ပတ်လုံး ☐

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။မြစ်ကြောင်းဖြင့် သယ်ယူပို့ဆောင်ရေးကို အများဆုံးအသုံးပြုကြပြီး

Scanned with CamScanner

ရှိရာကျော် ပြဿနာများ သွားလာရေးခက်ခဲမှု အများဆုံးရှိကြောင်း တွေ့ရပြီး ယင်းသို့ ရေရှည်အတွက် အဆင်ပြေမှုများ လေ့လာတွေ့ရှိရပါသည်။..

....

(၃.၄) အသက်အုပ်စုအလိုက် ပညာအရည်အချင်းများ

ဇယား (၁၃) အသက်အုပ်စုအလိုက် ပညာအရည်အချင်း

တက်ရောက်မှု အဆင့်	စာမ တတ်	ဘုန်း ကြီး	မူလ တန်း	မူလတန်း ကိုအောင်	အလယ်တန်း ကိုအောင်	အထက် တန်း	ဘွဲ့	ပြီး ကျောင်း	ပညာရှင်
အရေအတွက်			၄၀	၁၅၀	၁၀	၁၅	၁၃		

ရင်းမြစ်... မိမိကောက်ယူစာရင်း ကောက်ယူမှု

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ပညာရေးအဆင့်မှာ အလယ်တန်းအထိ ရှိပြီး သွားလာရေး အခက်အခဲကြောင့် လေ့လာတွေ့ရှိရပါသည်။..

....

(၃.၅) ကျန်းမာရေးဌာန

ဇယား (၁၄) ကျန်းမာရေးဌာန အခြေအနေ

ရင်းမြစ်	မိမိကောက်ယူ
ကျေးရွာကျန်းမာရေးဌာန	၁၀၀
သားဖွားဆရာမ	
အရေးပေါ်ဆေးကုသရေးဌာန	
ဆေးခန်း	
ဆေးဆိုင်	
ဆေးဆရာ	
တိုင်းရင်းဆေးကုသမှု ပြုလုပ်သူများ	
ကျန်းမာရေး အထောက်အကူပြုများ	

ရင်းမြစ်... (၁) မိမိကောက်ယူစာရင်း ကောက်ယူမှု (၂) ဒေသခံများ၏ ပြောဆိုချက် - ရင်းမြစ်ကိုးကား

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကျန်းမာရေးဌာနရှိပြီး လျှပ်စစ်မီး အဆင်ပြေမှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။..

....

(၃.၆) အိမ်ထောင်စုများ၏ အသုံးပြုသည့် လျှပ်စစ်မီး

ဇယား (၁၅) အိမ်ထောင်စုများ၏ အသုံးပြုသည့် လျှပ်စစ်မီး အခြေအနေ

ရှိ	ရှိ	မရှိ	ရှိ
အရေအတွက်	၁၀၀	-	၁၀၀

ရင်းမြစ်... မိမိကောက်ယူစာရင်း ကောက်ယူမှု

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လျှပ်စစ်မီးရရှိပြီး ကျေးရွာသူများအားလုံး အသုံးပြုကြောင်း လေ့လာတွေ့ရှိရပါသည်။..

(၆) ပညာရေး

(၆.၁) ကျောင်းတက်နှုန်း

ဇယား (၁၆) ကျောင်းတက်နှုန်း

ပညာရေးအဆင့်အတန်း	ကျား	မ	အားလုံး
မူလတန်း	၆	၂	၈
အလယ်တန်း		၁	၁
အထက်တန်း			
တက္ကသိုလ်/ကောလိပ်			

ရင်းမြစ် ... (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

မှတ်ချက်။ ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာရေးဆိုင်ရာအရာရှိများသူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ ၄င်းအပြင် "ဘုန်းကြီးကျောင်းသင်ပညာရေး" ကို သင်ကြားပြသနေသော ကျောင်းသူ/သားများကို အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်အဆင့် သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် မူလတန်းကျောင်းရှိသော်လည်း အကျောင်းတက်နှုန်းမှာ အလွန်နည်းပါးပြီး အများစုမှာ တရုတ်ကျောင်းကိုသာ ဦးစားပေးတတ်ကြကြောင်း လေ့လာတွေ့ရှိရပါသည်။.....

.....

(၆.၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

အကြောင်းအရာ	(၁)	(၂)	(၃)
က။ ကျောင်းအဆင့်	မူလတန်း ☑ မူလွန် ☐ အလယ်တန်း(ခွဲ) ☐ အလယ်တန်း ☐ အထက်တန်း(ခွဲ) ☐ အထက်တန်း ☐	မူလတန်း ☐ မူလွန် ☐ အလယ်တန်း(ခွဲ) ☐ အလယ်တန်း ☐ အထက်တန်း(ခွဲ) ☐ အထက်တန်း ☐	မူလတန်း ☐ မူလွန် ☐ အလယ်တန်း(ခွဲ) ☐ အလယ်တန်း ☐ အထက်တန်း(ခွဲ) ☐ အထက်တန်း ☐
ခ။ ရွာမှ အကွာအဝေး (မိုင်)	၀ မှ ၁ မိုင် ☑ ၁ မိုင် မှ ၃ မိုင် ☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐
ဂ။ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု	ခြေလျင် ☑ စက်ဘီး ☑	ခြေလျင် ☐ စက်ဘီး ☐	ခြေလျင် ☐ စက်ဘီး ☐

Scanned with CamScanner

အကြောင်းအရာ	(၁)			(၂)			(၃)		
	ဆိုင်ကယ် ☑			ဆိုင်ကယ် ☐			ဆိုင်ကယ် ☐		
	ကား ☐			ကား ☐			ကား ☐		
၁၁။ စာသင်ကျောင်းအတွင်း စုစုပေါင်း ကြမ်းခင်းဧရိယာ (စတုရန်းပေ)*									
၁။ အမိုး၊ နံရံ၊ အခင်း အရည်အသွေး	ကောင်း☐ သင့်☑ ညံ့☐			ကောင်း☐ သင့်☐ ညံ့☐			ကောင်း☐ သင့်☐ ညံ့☐		
၂။ ကျောင်းဝိုး ပရိဘောဂ လုံလောက်မှု	လုံလောက်မှုရှိသည်☐ မလုံလောက်ပါ ☑			လုံလောက်မှုရှိသည်☐ မလုံလောက်ပါ ☐			လုံလောက်မှုရှိသည်☐ မလုံလောက်ပါ ☐		
၃။ ကျောင်းအိမ်သာ အခြေအနေ	ကောင်း ☐ သင့် ☑ ညံ့ ☐ မရှိ ☐			ကောင်း ☐ သင့် ☐ ညံ့ ☐ မရှိ ☐			ကောင်း ☐ သင့် ☐ ညံ့ ☐ မရှိ ☐		
၄။ ကျောင်းအာဟာရတိုက်ကျွေးမှု	တိုက်ကျွေးမှုရှိသည်☑ တိုက်ကျွေးမှု မရှိပါ ☐			တိုက်ကျွေးမှုရှိသည်☐ တိုက်ကျွေးမှု မရှိပါ ☐			တိုက်ကျွေးမှုရှိသည်☐ တိုက်ကျွေးမှု မရှိပါ ☐		
၅။ ကျောင်းဆရာ/မ ဦးရေ	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း
အဂိုးရခန့်	-	၂	၂						
ကျေးရွာခန့်									

ရင်းမြစ် ... (၁) ဦးဟည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိတဆရာအသင်း။

မှတ်ချက်။ ။ ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။စာသင်ကျောင်းဆောင်မှာ ကျောင်းသုံးပရိဘောဂများ လုံလောက်မှုမရှိကြောင်းနှင့် တရုတ်လမ်းနှင့် မြန်မာလမ်းအား ဘယ်ယူပို့ဆောင်ရန် ခက်ခဲမှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။.....

.....

(၇) ကျန်းမာရေး

(၇.၁) အဖြစ်များသော ရောဂါများ

ဇယား (၁၈) အဖြစ်များသော ရောဂါများ

#	ရောဂါ	ပျံ့နှံ့မှု/ဖြစ်ပွားမှု		
၁	ဝမ်းပျက်ဝမ်းလျှောက	မြင့်☐	နိမ့်☑	မရှိ☐
၂	အေးခဲနှံတုပ်ကွေး	မြင့်☐	နိမ့်☑	မရှိ☐
၃	ငှက်ဖျား	မြင့်☐	နိမ့်☑	မရှိ☐
၄	အသားဂျူလမ်းကြောင်း ကူးစက်ရောဂါ	မြင့်☐	နိမ့်☐	မရှိ☑
၅	HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ	မြင့်☐	နိမ့်☐	မရှိ☑
၆	တီဘီ	မြင့်☐	နိမ့်☐	မရှိ☑
၇	အီးဆိုး	မြင့်☐	နိမ့်☐	မရှိ☑
၈	အသားဟိုး	မြင့်☐	နိမ့်☑	မရှိ☐
၉	အသားပြောရောဂါ (ဟီး၊ စီ)	မြင့်☐	နိမ့်☐	မရှိ☑
၁၀	အာဟာရချို့တဲမှု	မြင့်☐	နိမ့်☐	မရှိ☑
၁၁	အခြား ကူးစက်နိုင်သော ရောဂါများ	မြင့်☐	နိမ့်☐	မရှိ☑

ရင်းမြစ် ... (၁) ဦးဟည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာ

Scanned with CamScanner

ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ရောဂါဖြစ်ပွားမှုနည်းပါးကြောင်း လေ့လာတွေ့ရှိရ ပါသည်။.....

.....

(၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

စဉ်	**ကာကွယ်ဆေးထိုးခြင်း** (ရှိ၊ မရှိ အမှန်ခြစ်ရန်)	**ရှိ**	**မရှိ**
၁	အဆုတ်ရောဂါ		
၂	ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ		
၃	ပိုလီယိုရောဂါ	✓	
၄	မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း)		
၅	ဝက်သက်ရောဂါ		
၆	အခြား စုပေါင်းကာကွယ်ဆေး ထိုးနှံမှု	✓	
၇	အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်)	✓	
၈	အာဟာရ ပညာပေး အစီအစဉ်		

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စုပေါင်းကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရမှတ်တမ်းယူမှုများ ရှိကြကြောင်း လေ့လာ တွေ့ရှိပါသည်။.....

.....

(၇.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ကျန်းမာရေး ဝန်ဆောင်မှု	**ခရီး အကွာအဝေး (မိုင်)**	**အခန်း/ကုတင် လုံလောက်မှု**
ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ	၀ မှ ၁ မိုင် ☑ ၁ မိုင် မှ ၃ မိုင် ☑ ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☐ ၁၀ မိုင်အထက် ☐	ရှိ ☐ မရှိ ☐
တိုက်နယ် ဆေးရုံ	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☑ ၁၀ မိုင်အထက် ☐	ရှိ ☐ မရှိ ☐

Scanned with CamScanner

ကျန်းမာရေး ဝန်ဆောင်မှု	ခရီး အကွာအဝေး (မိုင်)	အခမဲ့/ကုသခံ ထိုးသားလား
ပြို့နယ် ဆေးရုံ	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၄ မိုင် ☑ ၄ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☐ ၁၀ မိုင်အကျော် ☐	ဟုတ် ☐ မဟုတ် ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်ဖြိုရပ်ဖန အုပ်ချုပ်ရေးမှူး၊ အရိုးကျိုးဆရာဝန် အုပ်ချုပ်ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနမှ။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်း ကျန်းမာရေးဆောက်ရွက်မှုအား ဆေးဝါးဆိုင်ဆောင်ရွက်ခြင်းနှင့် ကုသရပြီး ပြို့နယ်ဆေးရုံအား တရုတ်နယ်မြေအတွင်းမှ လူနာများကို ကုသပေးခြင်း မရှိသော တွေ့ရှိရပါသည်။.....

(၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

(၇.၄. ၁) သောက်သုံးရေ ရရှိမှု

ဇယား (၂၁) သောက်သုံးရေ ရရှိနိုင်မှု

ရေရရှိနိုင်မှု	အသုံးပြု သော အိမ်ထောင်စု	ရေ အရည်အသွေး	တုံ့ပေးတင်ပြချက် (ပြဿနာများပါက ဖော်ပြ)
ရေတွင်း	၁၁၀	ကောင်း☑ ဘင်္ဂ☐ ညံ့☐	ပြဿနာမရှိပါ
အဝိစိတွင်း/ စက်တပ်	၁၁၀	ကောင်း☑ ဘင်္ဂ☐ ညံ့☐	ပြဿနာမရှိပါ
အဝိစိတွင်း/ တုံကင်		ကောင်း☐ ဘင်္ဂ☐ ညံ့☐	
မိုးရေ သိုလှောင်ကန်		ကောင်း☐ ဘင်္ဂ☐ ညံ့☐	
မြစ်/ချောင်းရေ		ကောင်း☐ ဘင်္ဂ☐ ညံ့☐	
ရေကန်		ကောင်း☐ ဘင်္ဂ☐ ညံ့☐	
စိမ့်စမ်းရေ		ကောင်း☐ ဘင်္ဂ☐ ညံ့☐	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ပွဲမှ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်ဘုရားအုပ်ချုပ်ရေးမှူး အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယ်ဆောတပြေမြို့။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ရေတွင်းအများဆုံးအသုံးပြုကြပြီး ရေသုံးသောက်ရန်ရှိ ကြောင်း လေ့လာတွေ့ရှိရပါသည်။.....

.....

(၇.၄.၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

Scanned with CamScanner

ဇယား (၂၂) အိမ်ထောင် အမျိုးအစား

ဘုံးကျိုနိုင်ထောက အိမ်ထောင် အမျိုးအစား	ဘုံးကျိုနိုင်ထောက အိမ်ထောင်စု
သန့်ရှင်းသော ယင်လုံအိမ်ထောင် ဘုံးကျိုမှု	
ရေကြဲ အိမ်ထောင်	
ရေလောင်း/ယင်လုံအိမ်ထောင်	၁၀၀
မသန့်ရှင်းသော ယင်လုံအိမ်ထောင် ဘုံးကျိုမှု	
တွင်း/ဇလားအိမ်ထောင်	
တွင်းမရှိ အိမ်ထောင်	
အိမ်ထောင်မရှိ	

ရင်းမြစ်... (၁) အိမ်တောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးစားပေးရပ်ရွာ ဖွံ့ဖြိုးရေးအစီအစဉ် - ရပ်အိုရပ်ရေး အုပ်ချုပ်
အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာန

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ယင်လုံအိမ်ထောင်များများရှိသော အိမ်ထောင်စုများသည် ဘုံးကျိုနိုင်သော ရေကြဲ
လေ့လာတွေ့ရှိရပါသည်။.....

.....

(၈) ဘေးအန္တရယ်များ

ဇယား (၂၃) ကျေးရွာ၏ တိုက်ရိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ

စဉ်	ဘေးအန္တရာယ် အမျိုးအစား	အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းမှတ်ပြုချက်
၁	စားနပ်ရိက္ခာ မဖူလုံမှု	
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ ဓိုက်ဖျိုးရေ)	
၃	ရေကြီးခြင်း	
၄	မိုးခေါင်ခြင်း	
၅	အအေးလွန်ကဲခြင်း	
၆	မုန်တိုင်း	
၇	လျှင်	
၈	မီးဘေး	
၉	ဆားငန်ရေဝင်မြေ	
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ပျောင်းမှု	
၁၁	သစ်တောပြုန်းတီးခြင်း	
၁၂	ငှက်ဖျားရောဂါ	
၁၃	တီဘီရောဂါ	
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	
၁၅	ပြည်တွင်း ပဋိပက္ခ	
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	
၁၇	လူကုန်ကူးခြင်း	
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

Scanned with CamScanner

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ရေကြီးခြင်းနှင့် မိုးခေါင်ခြင်းစသည့် သဘာဝဘေးအန္တရာယ် တွေ့ကြုံရမှုနည်းပါးပြီး လမ်းပန်းဆက်သွယ်ရေးမှာ ရေကြောင်းလမ်းကို အဓိကအသုံးပြုရသည့်အတွက် အခက်အခဲအနည်းငယ်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။..

....

(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

ဇယား(၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

အကြောင်းအရာ	အန္တရာယ်ရှိမှု(နိမ့်/မြင့်)	ဖော်ပြချက်/ရှင်းလင်းချက်
မြေဆီလွှာအခြေအနေ	နိမ့်	မြေဆီလွှာကောင်းမွန်ခြင်း။
အပင်မျိုးစိတ်များ	မြင့်	ပိုးမွှားကျရောက်မှု နည်းပါးခြင်း။
ရေအရင်းအမြစ်		
ငါးမျိုးကွဲများ		
အခြားတိရစ္ဆာန်မျိုးကွဲများ		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် မြေဆီလွှာကောင်းမွန်ပြီး အပင်မျိုးစိတ်နှင့် ရေအရင်းအမြစ်များမှလည်း အန္တရာယ်ရှိမှုနည်းပါးကြောင်း လေ့လာတွေ့ရှိရပါသည်။...............

....

(၁၀) ကျား - မ ရေးရာ

ဇယား (၂၅) ကျား - မ ရေးရာ

#	ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးသော အချက်များ	ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန်	
၁	ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု	ရှိ ☐	မရှိ ☑
၂	ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု	ရှိ ☑	မရှိ ☐

ရင်းမြစ် (၁) အဖွဲ့အစည်းများစာရင်း။ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာအတွက် ဖွံ့ဖြိုးရေးနှင့် စီမံခန့်ခွဲရေးအုပ်ချုပ်မှုများတွင် အမျိုးသမီးများဆောင်ရွက်မှုများရှိသော်လည်း တက်ကြွစွာပူးပေါင်းပါဝင်မှုအလွန်အားနည်းကြကြောင်း လေ့လာတွေ့ရှိရပါသည်။ ....

Scanned with CamScanner